# မြန်မာနိုင်ငံရှေ့နေများကောင်စီ
# Burma Lawyers' Council

PO Box 144 Mae Sod Post Office Tak Province 63110 Thailand Tel : Fax (66) (055) : 542 910 E-mail : blcsan@ksc.th.com; Website : www. blc-burma.org


## ဒေါ်အောင်ဆန်းစုကြည်အား တရားစွဲဆိုထားမှုသည်ဥပဒေနှင့် ညီညွှတ်မှု မရှိကြောင်း ထုတ်ပြန်ချက်

၁။ ၁၉၇၅ ခုနှစ် နိုင်ငံတော်အားနှောက်ယှက်ဖျက်ဆီးလို သူများ၏ ဘေးအန္တရယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေသည် အုပ်ချုပ်ရေးအာဏာပိုင်များက တရားရုံး၏ခွင့်ပြုချက်ကိုတောင်းစရာမလိုဘဲ နိုင်ငံသားများ၏ အခွင့်အရေးများအား ကန့်သတ်ခွင့်ပေးထားသည့် ဥပဒေဖြစ်သည်။ တနည်းအားဖြင့် တရားရုံး၏အခွင့်အာဏာနှင့် မသက်ဆိုင်ဘဲ အုပ်ချုပ်ရေးအာဏာပိုင်များက မိမိဘာသာ တာဝန်ခံ၍ ကြိုတင် ကာကွယ်သည့် သဘောအခြေခံဖြင့် ချုပ်နှောင်သည့် ဥပဒေဖြစ်သည်။ ယင်းသို့ ဖမ်းဆီးချုပ်နှောင်သည့်အပေါ် ပြည်သူ့တရားသူကြီး အဖွဲ့သို့ အယူခံဝင်ခွင့်ပေးထားသည့် ပုဒ်မ (၂၁) ကိုလည်း ဖျက်သိမ်းပြီးဖြစ်သည်။ ဤဥပဒေ သည် တရားစီရင် ရေး နှင့် သက်ဆိုင်ခြင်းမရှိ။ နအဖ အာဏာပိုင်များအနေဖြင့် ဤဥပဒေကို စိတ်ထင်သလိုအသုံးပြုကာ ဒေါ်အောင်ဆန်းစုကြည်ကို ချုပ်နှောင်ပြီးမှ ဤဥပဒေဖြင့်ပင် တရားစီရင်ရေး ယန္တရားကို အသုံးပြုကာ ဆက်လက်အပြစ်ပေးရန် ကြိုးပမ်းခြင်းမှာ ဥပဒေကြောင်းအရ လည်းကောင်း၊ တရားစီရင်ရေးဆိုင်ရာ အခွင့်အာဏာအရလည်းကောင်း လုံးဝ လွဲမှားလျှက် ရှိသည်။

၂။ ဤဥပဒေအရ အများဆုံးချုပ်နှောင်ခွင့်ရှိသော ကာလ မှာ ငါးနှစ်ဖြစ်သည်။ ငါးနှစ်ကျော်လာ၍ ခြောက်နှစ်ပြည့်ခါနီး အချိန်တွင်မှ အချင်းဖြစ်ကိစ္စပေါ်ပေါက်လာပြီး ဒေါ်အောင်ဆန်းစုကြည်ကို စွပ်စွဲအရေးယူရန်ကြိုးပမ်းခြင်း ဖြစ်သည်။ သို့ဖြစ်၍ ဤဥပဒေအာဏာသက်ရောက်မှုမရှိတော့၊ ဤဥပဒေနှင့် အညီ အာဏာပိုင်များက ဒေါ်အောင်ဆန်းစုကြည်အပေါ် အရေးယူခွင့် မရှိတော့။ သို့ပါလျှက် အရေးယူရန်ကြိုးပမ်းနေခြင်းမှာ ဥပဒေအရ လုံးဝလွဲမှားလျှက် ရှိသည်။

၃။ ၁၉၉၅ ခုနှစ်တွင် တရုတ်ပြည် ဘီကျင်းမြို့၌ ကျင်းပခဲ့သော အာရှနှင့် ပစိဖစ်ဒေသဆိုင်ရာ တရားရုံးချုပ် တရားသူကြီးများ၏ ခြောက်ကြိမ်မြောက် ကွန့်ဖရင့် တွင် လွတ်လပ်သော တရားစီရင်ရေးဆိုင်ရာမူ သဘောထားကြေငြာချက်ကို တရားသူကြီးချုပ် ဦးအောင်တိုး ကိုယ်တိုင်လက်မှတ်ရေးထိုး အတည်ပြုခဲ့ပြီးဖြစ်သည်။ ၄င်း အရ တရားရုံးများသည် ဥပဒေပြဋ္ဌာန်းချက်အရသာလျှင် ဆုံးဖြတ်စီရင်ရမည် ဖြစ်ကြောင်းဖော်ပြထားသည်။ ဥပဒေ နှင့် ဆန့်ကျင်ကာတရားရုံးများကို အာဏာပိုင်များ အလိုကျအသုံးချခံခွင့်ပြုနေသည့် တရားသူကြီးချုပ် ဦးအောင်တိုး အားရှုံ့ချသည်။ ဒေါ်အောင်ဆန်းစုကြည်အား ဤဥပဒေဖြင့် တရားရုံးတင်၍ စစ်ဆေးခြင်းကို အမြန်ဆုံးရပ်တန်းကရပ်ပြီး ချွင်းချက်မရှိပြန်လွှတ်ပေးရန် နအဖ အားတောင်းဆိုလိုက်သည်။ ထို့အပြင်နောင်ကို အာဏာပိုင်များက အပြစ်မဲ့ပြည်သူ များအား ဖမ်းဆီးချုပ်နှောင်နှိပ်စက်ခြင်း မရှိစေရေးအတွက်

(၁) ၁၉၇၅ ခုနှစ် နိုင်ငံတော်အား နှောက်ယှက်ဖျက်ဆီးလို သူများ၏ ဘေးအန္တရယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေအား အပြီးအပိုင် ဖျက်သိမ်းရေးအတွက် ဆက်လက်တောင်းဆိုသွားရန်။

(၂) လွတ်လပ်သော တရားစီရင်ရေးယန္တယားပေါ်ပေါက်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းသွားကြရန် မေတ္တာရပ်ခံအပ်ပါသည်။

မြန်မာနိုင်ငံရှေ့နေများကောင်စီ နေ့စွဲ မေလ (၁၅) ရက် ၂၀၀၉ ခုနှစ်

ဆက်သွယ်ရန်၊ ဦးမျိုး တာဝန်ခံ၊ ဥပဒေရေးရာ သုံးသပ်ရေးဌာန ဖုံး (၆၆) (၀) ၈၆ ၂၁၆ ၀ ၁ ၀၈

---

1 (Preventive Detention)